

## မောင်စိုးချိန်၏ ဘဝဖြစ်စဉ်အကျဉ်းနှင့် စာပေအတွေ့အကြုံ

■

တိုက်ကြီးမြို့နယ်၊ ရင်းတိုက်ကွင်းတိုက်နယ်၊ ချောင်းကျိုးကျေးရွာတွင် အဖ ဦးချိန်၊ အမိ ဒေါ်သိုင်းခြုံတို့မှ ၁၉၄၉ မတ်လ ၆ ရက်နေ့တွင် မွေးဖွားခဲ့သည်(ယခင်က မတ် ၁၄ ဟု မှားယွင်းဖော်ပြခဲ့ဖူးသည်။ ပြည်တွင်းစစ် တစ်နှစ်ပြည့်ကာလ)။ အမည်ရင်းမှာ ဦးအောင်မြင့်စိုး။ မွေးချင်းလေး ယောက်အနက် ဒုတိယမြောက်…။

ပြည်တွင်း၊ ပြည်ပတွင် လယ်သမား၊ အလုပ်သမား ဗဟိုတရားရုံးချုပ်စာရေး ကောလိပ်/တက္ကသိုလ်ကျောင်းဆရာ၊ စားသောက်ဆိုင်စားပွဲထိုး၊ စက်ရုံအလုပ်သမား၊ ဟိုတယ်အလုပ်သမား၊ အဆေးစားလုပ်ငန်းပိုင်ရှင်၊ ကုန်စုံဆိုင်အလုပ်သမား စသည့် ဘဝများတွင် ရုန်းကန်လာခဲ့သူ။

၁၉၇၃ မေလထုတ် ရုပ်ရှင်အမြုတေမဂ္ဂဇင်းတွင် ပထမဆုံးဖော်ပြခံရသည့် "အနုပညာဆိုသည်မှာ" အဖွင့်ကဗျာဖြင့် စာပေနယ်သို့ စတင်ရောက်ရှိလာခဲ့။ ငွေတာရီ၊ မိုးဝေ၊ ရှုမဝ၊ သောင်းပြောင်းထွေလာ၊ ဂီတပဒေသာ၊ ဟန်သစ်၊ အိပ်မက်ဖူးမဂ္ဂဇင်းတို့တွင် ဝတ္ထုနှင့်ကဗျာများ ရေးသားခဲ့။ ၁၉၇၃ - ၁၉၈၉ နှစ်ကာလများတွင် ထားဝယ်ကောလိပ်မဂ္ဂဇင်းတွင် အယ်ဒီတာနှင့် ထုတ်ဝေသူ။

၁၉၈၉ မှ ၂၀၁၈ ယနေ့ကာလအထိ ဂျပန်၊ အမေရိကန်၊ ထိုင်း၊ တောင်ကိုရီးယားတို့တွင် ထုတ်ဝေခဲ့သည့် အထိမ်းအမှတ်စာစောင်၊ မဂ္ဂဇင်းများ၊ လစဉ်ထုတ်စာစောင်၊ မဂ္ဂဇင်းများတွင် ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတို၊ ဝတ္ထုရှည်များ ရေးသားခဲ့။

နိုင်ငံရေး တော်လှန်ရေးခေါင်းဆောင် စာပေ ခေါင်းဆောင်များ၏ ရုပ်ပုံလွှာများနှင့် စာပေဝေဖန်ရေးများရေးသားခဲ့၊ အာဟာရစာစောင်၊ ရွှေကြို့ကြာ၊ အလင်းအိမ်၊ ရွှေပိတောက်၊ မိုးမခဝက်ဘ်ဆိုက်၊ ခေါင်းအိုးဝေ၊ ဖူးပွင့်ဝေ၊ သစ္စာမဂ္ဂဇင်း၊ နယူးဘားမားသတင်းစာတို့တွင် ကဗျာဆောင်းပါး၊ ဝတ္ထုတိုများ ရေးသားခဲ့။

စာပေအနုပညာရှင်များကလယ်ကို လွတ်မြောက်စေသော မာနယ်ပလောတွင် ဖွဲ့စည်းကြစဉ်(၁၉၉၁ ဖေဖော်ဝါရီ ၂၈) အထွေထွေအတွင်းရေးမှူးအဖြစ် တင်မြှောက်ခံရ။ တော်လှန်ရေးစေသော စာပေကလယ်မှ သစ္စာရီဂျူးထုတ်ဝေစဉ် တာဝန်ခံအယ်ဒီတာ၊ နောက်ပိုင်း အယ်ဒီတာအဖွဲ့ဝင်အဖြစ် ဆောင်ရွက်သူ။ သစ္စာ တော်လှန်ရေးစာပေမဂ္ဂဇင်း(သစ္စာမဂ္ဂဇင်း)တွင် တာဝန်ခံအယ်ဒီတာ၊ ဖူးပွင့်ဝေမဂ္ဂဇင်း၊ နယူးဘားမားသတင်းစာတို့တွင် အယ်ဒီတာ။

မောင်စိုးချိန်အမည်အပြင် ဖလုံအောင်မြင်စိုး၊ သက်ကိုကို၊ စိုးမြင့်ကြည်၊ ထွန်းလင်းအောင်၊ အေးမြနှင်းရည်၊ အေးပရယ်၊ ထူးတင့်၊ နွေဦး၊ လင်းသစ်အောင်၊ တေမိုးအောင်၊ မိုးမြေသစ် စသည့် ကလောင်ခွဲများနှင့်လည်း ရေးသားခဲ့။

စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်သည့် ၇၄ ကျောင်းသား လှုပ်ရှားမှု၊ ၇၅ အလုပ်သမားလှုပ်ရှားမှုတို့တွင် ပါဝင်ခဲ့။ ၈၈ မြို့ကုန်း ကျောင်းသားလှုပ်ရှားမှု၊ ၈၈ အရေးတော်ပုံတွင် ကျောင်းသားအခန်းကဏ္ဍမှ အတက်ကြွဆုံးပါဝင်လှုပ်ရှားခဲ့။ ၇၉ တွင် မြေအောက်လှုပ်ရှားမှုကို စတင်ခဲ့။

တက္ကသိုလ်ကောလိပ် ဆရာများသမဂ္ဂဖွဲ့စည်းစဉ် ထားဝယ်ကောလိပ် ကိုယ်စားလှယ်။ သမဂ္ဂအမှုဆောင်အဖွဲ့ဝင်။ ဗ-က-သ၊ လုပ်သားများကောလိပ် ကျောင်းသားများသမဂ္ဂ၊ ကဗျာဆရာများသမဂ္ဂ၊ ကဗျာဆရာများအစည်းအရုံး၊ အထွေထွေသပိတ်ကော်မတီ၊ ဆရာများသမဂ္ဂတို့နှင့်ပူးပေါင်းကာ စစ်အာဏာရှင်စနစ်ဖျက်သိမ်းရေး လူထုလှုပ်ရှားမှုထဲတွင် ပါဝင်ခဲ့။ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ရေဝတီတိုင်း စည်းရုံးရေးကော်မတီဥက္ကဋ္ဌ စသည်ဖြင့်…။ ■



## မာတိကာ

■


| | |
|---|---|
| ၁။ ဦးညွှတ်ရည်ညွှန်း ဂါရဝပြုခြင်း | ၁ |
| ၂။ မောင်စိုးချိန်၏ ဘဝဖြစ်စဉ်အကျဉ်းနှင့် စာပေအတွေ့အကြုံ | ၂ |
| ၃။ သူ…မောင်စိုးချိန် (အောင်မော်) | ၄ |
| ၄။ မောင်ညီပြာ၏ အမှာစာ (မောင်ညီပြာ) | ၆ |
| ၅။ မိုးဝေစာပေကျောက်ဆောင်ပေါ်က အလင်းပြား (ဖြိုးထိန်) | ၁၀ |
| ၆။ မိတ်ဆက်စာ မဟုတ်ပါ (မဒီ) | ၁၆ |
| ၇။ စာရေးသူရဲ့အမှာ | ၂၀ |
| ၈။ အထူးကျေးဇူးတင်လွှာ | ၂၈ |


### ၈၈ နောက်ပိုင်း ဝတ္ထုတိုများ

■


| | |
|---|---|
| ၁။ မဒီသော ရွှေစင်ရုပ်လွှာ | ၃၀ |
| ၂။ ကျေးလက်နသစ် မျက်နှာ | ၄၅ |
| ၃။ ရင်ခုန်ရသော နေ့ရက်များ | ၅၄ |
| ၄။ ခါးစောင်းတင်ကြသူများ | ၇၂ |
| ၅။ အချစ်ကို ခံစားခြင်း | ၈၀ |
| ၆။ နေဝန်းကို ခူးဆွတ်ခြင်း | ၉၇ |
| ၇။ အတောင်ပံမရှိသော ရင်ခုန်သံများ | ၁၁၁ |
| ၈။ ရင်သွေး ဆယ့်တစ်နှစ် | ၁၂၀ |
| ၉။ ထိုအချစ် ထိုအလွမ်း ထိုအမုန်း | ၁၃၆ |
| ၁၀။ တိုက်ပွဲဝင် ရင်ခုန်သံမျက်ရည်စက်များ | ၁၄၉ |
| ၁၁။ ထင်းမီးဖိုတွေထဲက မီးပွင့်စကားလုံးများ | ၁၆၄ |


ရိုးပြတ် ခင်တန်း အလွမ်းပွင့်ချိန်

မာတိကာ

■


| | |
|---|---|
| ၁၂။ မြေကို နမ်း၍ ရှိုက်သူ | ၁၇၆ |
| ၁၃။ တရားထားသီဆန်းဆန်းလဲ့နှင့် ချိုမြခါးသက် ပန်းပွင့်များ | ၁၈၇ |
| ၁၄။ ရိုးပြတ် ကွင်းစပ် တလင်းကွက်ထဲမှ ရယ်သံများ | ၂၀၁ |
| ၁၅။ အမြင်နီးလျက် ခရီးဝေးသည့် တောင် | ၂၁၄ |
| ၁၆။ တွေ့ဆုံမေမြန်းခန်း | ၂၂၈ |
| ၁၇။ အအေးလွန်နှင်းခဲများအောက်က မှန်တိုင်းမီးတောင်များ | ၂၄၂ |
| ၁၈။ အတိတ်ခါး | ၂၅၉ |
| ၁၉။ ကြွေပွင့်များမှ တစ်ဆင့် | ၂၈၆ |


### မိုးဝေမဂ္ဂဇင်းနှင့် ခေတ်ပြိုင်မဂ္ဂဇင်း ဝတ္ထုတိုများ

■


| | |
|---|---|
| ၂၀။ တစ်မိုးသာ သစ်ခဲ့သော်လည်း | ၃၀၄ |
| ၂၁။ အရိပ်အိုထဲမှ မျက်နှာသိ | ၃၁၅ |
| ၂၂။ နွေရက်အိုသို့ နောက်တစ်ကြော | ၃၂၆ |
| ၂၃။ တင်ကျန်ခဲ့သည် | ၃၃၆ |
| ၂၄။ ခရီးလမ်းကွေ့ထဲမှာ | ၃၄၄ |
| ၂၅။ ပိုင်းဖြတ်ခြင်း | ၃၅၆ |
| ၂၆။ ထိုညက လမသာ | ၃၆၄ |
| ၂၇။ အမှတ်အသား | ၃၇၈ |
| ၂၈။ ရှည်လျားသော လဆုတ်ရက်များတွင် | ၃၉၂ |
| ၂၉။ ကမ္ဘာ့ရ အချစ်တစ်ပင် | ၄၀၄ |
| ၃၀။ စည်းရိုးမဲ့ အချစ် | ၄၁၂ |